# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်စျေးကွက်သတင်းလွှာ

myantrade

September 7 , 2022 Volume 58, Number 5


## ယခုသီတင်းပတ်အတွင်း ပဲ၊ နှမ်းစျေးကွက်တစ်ခုလုံး စျေးမြင့်တက်ခဲ့

ပြည်တွင်းရွှေစျေး၊ ဒေါ်လာငွေစျေး အပြောင်းအလဲများ မြန်ဆန်ခဲ့မှုကြောင့် ပြည်တွင်းပဲမျိုးစုံနှင့် နှမ်းစျေးကွက်တစ်ခုလုံး စျေးများမြင့်တက်ခဲ့ကြောင်း ပဲ၊ နှမ်း ကုန်သည်များထံကသိရပြီး ကျွန်းစားတော်ပဲမှာမူ တစ်အိတ်ကျပ် ၄၂၀,၀၀၀ ထိ စံချိန်တင်စျေးဖြစ်ခဲ့သည်ကို တွေ့ရသည်။

ပြည်တွင်းပဲမျိုးစုံနှင့်နှမ်းစျေးကွက်မှ မနက်တစ်စျေး၊ ညနေတစ်စျေးနှုန်းဖြင့် အရောင်းအဝယ်သွက်ခဲ့ပြီး၊ ပို့ကုန်ပဲများအပါအဝင် လက်ကျန်နည်းလာသည့် ပြည်တွင်းသုံးကုလားပဲအုပ်စုမှာလည်း အလားတူ စျေးမြင့်တက်ခဲ့သည်ကိုတွေ့ရသည်။

ထို့ပြင် အသစ်ဝင်မြေပဲဆံများမှာလည်း ယခင်သီတင်းပတ်က စျေးအနည်းငယ် ကျဆင်းသွားသော်လည်း ယခုသီတင်းပတ်တွင် ပြန်လည်မြင့်တက်ခဲ့ကြောင်း မန္တလေး တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်သွင်( ရွှေစင်သိန်းပွဲရုံ)ကပြောသည်။ “ပဲနှမ်းစျေးတွေကတော့ အကျမရှိ အကုန်စျေးတက်ပါတယ်။ ကုလားပဲတွေကလည်း လက်ကျန်နည်းလာတော့ စျေးဆက်တက်လာတယ်။ အဓိကတော့ ပြည်တွင်း ဒေါ်လာစျေး ၊ ရွှေစျေးတွေ မြင့်တက်တာနဲ့အတူ ပဲ၊ နှမ်း စျေးတွေလည်း အမျိုးအစားအလိုက် ကျပ် ၅,၀၀၀-၂၀,၀၀၀ တက်ကုန်တာပါပဲ။ ပို့ကုန်ပဲတွေ အပါအဝင် ပဲမျိုးစုံ စျေးတက်ပြီး ဝယ်လိုအားလည်း ကောင်းနေပါတယ်။ အသစ်ဝင် မြေပဲဆံလည်း စျေးပြန်တက်နေပါတယ်။ လက်ရှိမှာတော့ ပို့ကုန်ပဲတွေ ဖြစ်တဲ့ မတ်ပဲ ၊ ပဲစင်းငုံ ၊ ကုလားပဲအုပ်စုတွေကတော့ ယခင်နှစ်ကာလတူထက်စောပြီး ပစ္စည်းပြတ်လပ်မယ့်အခြေအနေပါ ” ဟု ၎င်းကပြောသည်။

**မတ်ပဲ၊ ပဲတီစိမ်း ၊ ပဲစင်းငုံ**

ပို့ကုန်ပဲဝယ်လိုအား ပိုကောင်းလာတာကြောင့် ပို့ကုန်မတ်ပဲ ၊ပဲစင်းငုံစျေး သုံးတင်းဝင်တစ်အိတ် ကျပ် ၂၀,၀၀၀ ခန့် စျေးမြင့်တက်ခဲ့သည်။ လက်ရှိတွင် ပြည်ပ ပို့သည့် ပဲအမျိုးအစားများ အမြင့်ဆုံးစျေးကိုရောက်ရှိလာရာ ဩဂုတ် ၃၁ ရက်တွင် မတ်ပဲ ပိဿာ၆၀ တစ်အိတ် ၂၀၅၀၀၀၊ ပဲစင်းငုံ ပိဿာ ၆၀ တစ်အိတ် ၁၉၈၀၀၀၊ ပဲတီစိမ်းအညာ ၁၆၅၀၀၀ ထိပေါက်စျေးဖြစ်ခဲ့သည်။

**မြေပဲ**

မြေပဲထွက်ရှိရာဒေသအစုံမှ အသစ်ဝင်ရောက်လာသည့် မြေပဲဆံများ ယခင် သီတင်းပတ်က စျေးအနည်းငယ် ကျဆင်းသော်လည်း ယခုဩဂုတ်လကုန်ပိုင်း ရက် များတွင် စျေးမြင့်တက်ခဲ့ရာ ပို့ကုန်မြေပဲ S1လုံးဆံများမှာ တစ်ပိဿာကျပ် ၇၀၅၀ ၊ အနီလုံးဆံ တစ်ပိဿာကျပ် ၆၅၀၀-၇၀၀၀ ထိ စံချိန်တင်ပေါက်စျေးဖြစ်ခဲ့သည်။

| ၇.၉.၂၀၂၂ | |
|---|---|
| ကမ္ဘာ့ရွှေစျေး | = ၁၆၉၅ US$ |
| မြန်မာ့ရွှေစျေး | = N/A |
| ဒေါ်လာစျေး | = N/A |
| CBM Rate | = ၂၁၀၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၈၁.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၄၉၂.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၁၁.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၁၂.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၁.၀၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၆.၂၇၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၁.၄၃ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၆.၅၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၂၁၃ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

အနိမ့်ဆုံး ပြည်တွင်းဆီဆံအမျိုးအစားပင် တစ်ပိဿာကျပ် ၆၅၀၀ ပေါက်ဈေးရှိနေသည်။ မြေပဲဆီတစ်ပိဿာကျပ် ၁၄၅၀၀၊ နှမ်းဆီ တစ်ပိဿာ ငွေကျပ် ၁၁၀၀၀ ၊ စားအုန်းဆီ ၁၂၀၀၀ ကျော်ပေါက်ဈေးဖြစ်လာသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုတွေ လက်ကျန်နည်းလာသဖြင့် ဈေးမြင့်တက်လာသကဲ့သို့ ပဲမာလိုင်းများလည်း ဈေးမြင့်တက်လာရာ ပဲအမျိုးအစားအလိုက် သုံးတင်းဝင်တစ်အိတ် ကျပ် ၁၅,၀၀၀ မှ ကျပ် ၃၀,၀၀၀ ထိ စံချိန်တင်ဈေးများ အဖြစ် ဈေးမြင့်တက်ခဲ့သည်။ ဩဂုတ် ၃၁ ရက်တွင် ကုလားပဲ V2 တစ်အိတ် ၂၀၃,၀၀၀ ကျပ်၊ ပဲယင်းတစ်အိတ် ၁၆၀,၀၀၀ ကျပ်၊ ပဲကြီးတစ်အိတ် ၂၃၅,၀၀၀ ကျပ်၊ ပဲထောပတ်တစ်အိတ် ၁၇၀,၀၀၀ ကျပ်၊ စွန်တာပြာ တစ်အိတ် ၁၅၃,၀၀၀ ကျပ် ၊ မြေထောက်ပဲ တစ်အိတ် ၂၆၀,၀၀၀ ကျပ်၊ ကျွန်းစားတော်ပဲ တစ်အိတ် ၄၂၀,၀၀၀ ထိ စံချိန်တင်ဈေးဖြစ်လာသည်ကို တွေ့ရသည်။

Source: Myanma Awba

## ဩဂုတ်လ ၂၇ ရက်နေ့မှ စက်တင်ဘာလ ၂ ရက်နေ့အတွင်း ကချင်ပြည်နယ်၏ မြန်မာ–တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကန်ပိုက်တည် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ–တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်မှ စက်တင်ဘာလ ၂ ရက်နေ့များအတွင်း တင်ပို့ခဲ့သည့်ကုန်ပစ္စည်း များမှာ တစ်သျှူးငှက်ပျော၊ ဆန်၊ နှမ်းနက်၊ ပဲတီစိမ်းနှင့် အင်ကြင်းကျောက်များတင်ပို့ခဲ့ကြောင်း သိရှိရပါသည်။

လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ငွေပမာဏသည် ၂၂၅၃၈၅ ဒသမ ၀၂ ကန်ဒေါ်လာဖြစ်ပြီး၊ ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ငွေပမာဏမှာ ၂၉၁၆၆၆ ဒသမ ၆၇ ဒေါ်လာဖြစ်၍ တင်ပို့ကုန်၏ငွေပမာဏ စုစုပေါင်းတန်ဖိုးမှာ ၅၁၇၀၅၁ ဒသမ ၆၉ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ စက်နှင့်စက်ပစ္စည်းများ၊ ချည်ထည်များ၊ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ သံနှင့်သံမဏိ ဆောက်လုပ်ရေးပစ္စည်းများ၊ အပ်ချည်ကြိုးများ၊ ဓါတ်မြေဩဇာများ၊ လယ်ထွန်စက်များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ဆပ်ပြာ၊ စက်ဘီးအပိုပစ္စည်းများနှင့်သံပိုက်များ တင်သွင်းမှုရှိခဲ့ပါသည်။ ကန်ပိုက်တည် နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၁၀၁၁၀၅ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာ နိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၂၈၈၁၅၈ ဒသမ ၆ ဖြစ်၍ တင်သွင်းကုန်၏ စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၃၈၉၂၆၃ ဒသမ ၆ တင်သွင်းမှုရှိခဲ့ပါသည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ် ငွေလဲနှုန်းမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် သုည ဒသမ ၃၃၁ ယွမ် ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၃၀၂ ဒသမ ၁၁ ကျပ်ရှိကြောင်းသိရှိရပါသည်။

**Source: မနော‌မြေကုန်သွယ်မှုဇုံဌာန**

## မတ်ပဲဈေးအပြောင်းအလဲ

ပြည်တွင်းမတ်ပဲဈေးနှုန်းသည် ယခင်သီတင်းပတ် တပတ်လုံး တစ်တင်းဈေးနှုန်း ကျပ် ၆၀၀၀၀ အထက်တွင် ရပ်တည် နေခဲ့ပြီး နောက်ရက်များတွင် တဖြည်းဖြည်းဈေးထပ်တက်လာကြောင်းတွေ့ရသည်။

သီတင်းပတ်တပတ်အတွင်းဖြစ်ပေါ်ခဲ့သောမတ်ပဲဈေးနှုန်းများမှာ ဩဂုတ်လ ၂၅ ရက်နေ့တွင် တစ်တင်းလျှင် ကျပ် ၆၁၈၀၀၊ ၂၆ ရက်နေ့တွင် ကျပ် ၆၂၀၀၀၊ ၂၇ ရက်နေ့တွင် ကျပ် ၆၃၂၀၀၊ ၂၈ ရက်နှင့် ၂၉ ရက်နေ့တွင်ကျပ် ၆၄၂၀၀၊ ၃၀ ရက်နေ့တွင် ကျပ် ၆၄၈၀၀၊ ၃၁ ရက်နေ့တွင် ကျပ် ၆၆၇၀၀၊ စက်တင်ဘာလ ၁ ရက်နေ့တွင် ကျပ် ၆၇၃၀၀၊ ၂ ရက်နေ့တွင် ကျပ် ၆၅၅၀၀ အသီးသီးဖြစ်ခဲ့ပါသည်။

သုံးသပ်ချက်အရ လက်ရှိဈေးနှုန်းများသည် ပြည်တွင်းငွေကြေးဈေးနှုန်းပေါ် မူတည်နေကြောင်းတွေ့ရသည်။ စက်တင်ဘာလ ၁ ရက်နေ့ ဒေါ်လာဈေးအနည်းငယ်ကျဆင်းပြီးနောက် ၂ ရက်နေ့တွင် မတ်ပဲဈေးနှုန်းသည် တစ်တင်းလျှင် ကျပ် ၂၀၀၀ ဝန်းကျင်ပြန်လည်ကျဆင်းသွားသည်။

ယခင်သီတင်းပတ်အတွင်း ချနိုင်းနှင့်မွမ်ဘိုင်းဈေးကွက်တွင်လည်း မတ်ပဲဈေးတက်လာကြောင်းတွေ့ရပြီး မြန်မာနိုင်ငံမှ မတ်ပဲ တင်သွင်းမှုနှေးသွားခြင်းကြောင့် ဈေးမာလာခြင်းဖြစ်ကြောင်းလည်းတွေ့ရသည်။ NAFED ၏ အဆိုအရ အိန္ဒိယနိုင်ငံတွင် မတ်ပဲလက်ကျန်နည်းနေကာ ၎င်းတို့အနေဖြင့် မတ်ပဲတန်ချိန် ၅၀၀၀၀ ဝယ်ယူရန်ရှိပြီး ယခုကာလတွင်လည်း တစ်ရက်လျှင် တန်ချိန် ၂၀၀၀ ခန့်ပုံမှန် ဝယ်ယူလျှက်ရှိကြောင်းပြောကြားသည်။

ပြည်နယ်အချို့တွင် မတ်ပဲသစ်အဝင်ရှိနေသော်လည်း ရိတ်သိမ်းရာသီတွင် မိုးကောင်းနေသဖြင့် မတ်ပဲ အပျက်အစီး ရှိကြောင်းလည်း Agri World ကတင်ပြထားသည်။

အိမ်နီးချင်းနိုင်ငံ၏ပဲလိုအပ်ချက်အရလည်းကောင်း၊ ပြည်တွင်းငွေကြေးတန်ဖိုးကိုလိုက်၍လည်းကောင်း ပြည်တွင်း မတ်ပဲဈေးနှုန်းများအတက်ဖက်သို့ဆက်လက်ဦးတည်နေသည်။ ဈေးနှုန်းဆက်တက်နေဦးမည်ဖြစ်သော်လည်း ပြည်တွင်း ငွေကြေးဈေးနှုန်းပေါ်မူတည်၍လည်း ဈေးအတက်အကျဖြစ်ပေါ်နေမည်ဖြစ်သည်။

မတ်ပဲဈေးတက်လာနေသော်လည်း စက်သုံးဆီဈေးနှုန်းနှင့် မျိုး၊ သွင်းအားစုစရိတ်များ မြင့်တက်လာမှုကြောင့် နောက်နှစ်ပဲစိုက်ရာသီတွင် ပဲစိုက်ဧရိယာလျော့ကျခြင်းနှင့် အထွက်နှုန်းလျော့ကျခြင်းတို့ ဖြစ်ပေါ်လာနိုင်ကြောင်း ခန့်မှန်းရပါသည်။

**Source: ရောကုန်သွယ်မှုဇဟိုဌာန**

## ဧရာဝတီတိုင်းဒေသကြီးမှာ မိုးစပါးစတင်ထွက်ရှိချိန် စပါးတင်း ၁၀၀ကို ကျပ် ၁၃ သိန်းဝန်းကျင်ထိ ဈေးရနေ




ဧရာဝတီတိုင်းဒေသကြီးမှာ မိုးစပါးစတင်ထွက်ရှိချိန် စပါးတင်း ၁၀၀ ကို ကျပ် ၁၃ သိန်း ဝန်းကျင်အထိ ဈေးကောင်းရရှိနေတယ်လို့ ဒေသခံစပါးစိုက်ပျိုးသူတွေဆီက သိရပါတယ်။ ပြီးခဲ့တဲ့နှစ် မိုးစပါးစတင်ထွက်ရှိချိန်က တင်း ၁၀၀ ကို ငွေကျပ် ခြောက်သိန်း ငါးသောင်းမှ ခုနှစ်သိန်း အထိ သာဈေးရခဲ့ပေမယ့် အခုနှစ်မှာ ဧည့်မထ စပါးအခြောက် တင်း ၁၀၀ ကို ငွေကျပ် ၁၁ သိန်းမှ ၁၃ သိန်းဝန်းကျင်နဲ့ စပါးအစိုတင်း ၁၀၀ ကို ငွေကျပ် ကိုးသိန်းငါးသောင်း အထိ ဈေးရနေတယ်လို့ သိရပါတယ်။

လက်ရှိထွက်ရှိနေတဲ့ စပါးမျိုးဟာ ဇွန်လမှာ စိုက်ပျိုးတဲ့ ရက် ၉၀ စပါးဖြစ်ပြီး အထွက်နှုန်းပုံမှန်ရှိကာ သွင်းအားစုစရိတ် တက်လာတဲ့အတွက် မနှစ်ကထက် စပါးဈေးပိုကောင်းလာတာဖြစ်တယ်လို့ သိရပါတယ်။ ဧရာဝတီတိုင်းဒေသကြီး ဆန်ဈေးကွက်မှာ စပါးဟောင်းဈေးနှုန်းတွေ မြင့်တက်နေတဲ့အတွက် စပါးသစ်တွေပါ ဈေးကောင်းရနေတာဖြစ်ပြီး လာမယ့်လ တွေမှာ မိုးစပါးလှိုင်လှိုင်ထွက်ရှိလာမှာဖြစ်တယ်လို့ သိရပါတယ်။

ဩဂုတ်လအတွင်း ဧရာဝတီတိုင်းဒေသကြီးမှာ မိုးစပါးထွက်ရှိမှုအနေနဲ့ ကျိုက်လတ်၊ မအူပင်မြို့နယ်တွေမှာ အနည်းငယ် ထွက်ရှိပြီး နိုဝင်ဘာလနှောင်းပိုင်းနဲ့ ဒီဇင်ဘာလတို့တွင် ဖျာပုံ၊ လပွတ္တာ၊ မြောင်းမြနဲ့ ပုသိမ်မြို့နယ်တွေက ပေါ်ဆန်းစပါးတွေ ထွက်ရှိမှာဖြစ်တယ်လို့ သိရပါတယ်။

(ဤဆောင်းပါးနှင့်ပုံအား Myanma Platform မှကူးယူဖော်ပြပါသည်။)

**Source:** htwettoe

## ပြည်တွင်းရော်ဘာခြံများပြန်လည်စဖွင့်ချိန် ကမ္ဘာ့ရော်ဘာဈေး စတင်ကျဆင်းနေ




ပြည်တွင်း၌ ရော်ဘာခြံများ ပြန်လည်စဖွင့်ချိန် ကမ္ဘာရော်ဘာဈေး ကျဆင်းနေကြောင်း လုပ်ငန်းရှင်များထံမှသိရသည်။ ပြည်တွင်းရော်ဘာမှာ ပြည်ပတင်ပို့မှုသာအဓိကရှိပြီး ပြည်တွင်း သုံးစွဲမှုနည်းသည့် ပစ္စည်းဖြစ်သောကြောင့် နိုင်ငံတကာဈေးပေါ်မှာပဲ မူတည်ကြောင်း ၊ လက်ရှိ ကမ္ဘာ့ဈေးကျဆင်းနေ၍ ပြည်တွင်းရော်ဘာဈေးပါ ကျဆင်းနေကြောင်း ရော်ဘာလုပ်ငန်းရှင် တချို့ထံမှ သိရသည်။

ရော်ဘာခြံများ ပြန်လည်စဖွင့်ချိန်ဖြစ်၍ အချို့ခြံများသာ အနည်းငယ်ထွက်ရှိသေးသောကြောင့် ဈေးနှုန်းသေချာသတ်မှတ်ရောင်းချခြင်းမရှိသေးပဲ အဆင်ပြေသည့်ဈေးဖြင့် ရောင်းချနေကြောင်းသိရသည်။ ထို့အပြင် ပြန်ဖွင့်ချိန် ကမ္ဘာ့ရော်ဘာဈေးကျဆင်းနေခြင်းဖြစ်၍ အချို့ဒေသများတွင် ရော်ဘာတစ်ပေါင်လျှင် ၁၀၀၀ ကျပ်ဖြင့် ဝယ်ရောင်းဖြစ်သည့်သူများရှိသလို ၁၂၀၀ ၊ ၁၅၀၀ ကျပ်ဖြင့် ဝယ်ရောင်းလုပ်သူများရှိကြောင်းသိရသည်။ "ခြံပိတ်ရာသီ အခုမှ စဖွင့်ခါစဆိုတော့ ဈေးအနေနဲ့ တိတိကျကျဖွင့်ထားတာမရှိဘူး။ ခြံက လကုန်နဲ့ ရှေ့ လလယ်လောက်မှ အမြောက်အများထွက်မှာ အခုက မိုးကလည်းမကုန်သေးတော့ ၊နောက်ပြီး ကမ္ဘာ့ပေါက်ဈေးက လည်း ကျနေတယ်။ ကမ္ဘာ့ပေါက်ဈေးကလည်း လက်ရှိ ၁၅၀၀ အောက်ကို ရောက်နေတယ်" ဟု မြန်မာနိုင်ငံရော်ဘာစိုက်ပျိုးထုတ်လုပ် တင်ပို့ ရောင်းချသူများအသင်း အတွင်းရေးမှူး ဦးခိုင်မြင့်ကပြောသည်။

ပြည်ပ လိုအပ်ချက်များရှိနေပြီး ဒေါ်လာဈေးမှာလည်း အမြင့်ဈေးတွင် ရှိနေသောကြောင့် ရော်ဘာဈေးမှာ တစ်ထောင်အထက်တွင်သာ ရှိနေခြင်းဖြစ်ကြောင်းသုံးသပ်ကြသည်။ ရော်ဘာကို တစ်နိုင်ငံလုံး စိုက်ဧက တစ်သန်းခြောက်သိန်းနှင့်လေးသောင်းကျော်ထိရှိပြီး လက်ရှိပြည်တွင်းလက်ကျန် တန်ချိန် ၃ သောင်းခန့်သာ ကျန်မည်ဖြစ်ကြောင်းသိရသည်။ လက်ရှိမှာတော့ export အနေဖြင့် စာချုပ်ချုပ်ထားသည့်အတိုင်း လစဉ်လက်ကျန်များကို တင်ပို့မှုများရှိနေကြောင်းသိရသည်။

လက်ရှိတွင် မြန်မာ့ရော်ဘာ စုစုပေါင်း၏ ၇၅ ရာခိုင်နှုန်းခန့်အား တရုတ်နိုင်ငံသို့ အဓိကတင်ပို့လျက်ရှိကာ မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ကိုရီးယား၊ အိန္ဒိယနှင့် ဂျပန်နိုင်ငံများသို့လည်း တင်ပို့မှုများရှိကြောင်း ၊ အများဆုံးအနေဖြင့် ပင်လယ်ရေကြောင်းမှ တင်ပို့လျက်ရှိကြောင်းသိရသည်။

ပြည်ပနိုင်ငံများသို့ နှစ်စဉ်ရော်ဘာတန်ချိန် သုံးသိန်းခန့်တင်ပို့လျက်ရှိကြောင်းသိရသည်။ လက်ရှိအချို့ခြံများမှာ မိုးရွာသွန်းမှုများ ရှိနေသေးသောကြောင့် ရော်ဘာခြစ်သည့်လုပ်ငန်းများ ရပ်နားထားကြပြီး ခြံပြုပြင်ထိန်းသိမ်းမှုများလုပ်နေကြကြောင်းသိရသည်။ "လက်ရှိ မိုးကုန်အောင် စောင့်နေရတယ်။ မိုးကဆက်တိုက်ဆိုသလို ရွာနေတာ။ အဲလိုမိုးရွာရင်အစေးခြစ်တဲ့အခါမှာ အထွက်နှုန်းက နည်းတော့ မိုးတွင်းကာလမှာ ခြံတွေအကုန်ပိတ်ထားရတယ်။ ဒီလကုန်လောက်မှပြန်ဖွင့်ကြမယ်" ဟု ရော်ဘာခြံလုပ်ငန်းရှင်တစ်ဦးကပြောသည်။

ရော်ဘာကို မြန်မာနိုင်ငံ တောင်ပိုင်းဒေသများဖြစ်သည့် မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့်ကရင်ပြည်နယ်တို့တွင်လည်း စိုက်ပျိုးမှုများရှိကာ မိုးရွာသီတွင်ရော်ဘာလုပ်ငန်းများ ရပ်နားလျက်ရှိသည်။

**(AMIA)**

**Source: <u>htwettoe</u>**

## ဩဂုတ် ၂၆ ရက်အထိ ပြည်ပသို့ ရေထွက်ပစ္စည်းတင်ပို့မှုမှ ဒေါ်လာသန်း ၂၆၀ ကျော်ရရှိ

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဩဂုတ် ၂၆ ရက်အထိ ပြည်ပသို့ ရေထွက်ပစ္စည်းတင်ပို့မှုမှ ဒေါ်လာသန်း ၂၆၀ ကျော်ရရှိပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာတစ်သန်းကျော်လျော့ကျခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဩဂုတ် ၂၆ ရက်အထိ ပြည်ပသို့ ရေထွက်ပစ္စည်းတင်ပို့မှုမှ ဒေါ်လာ၂၆၀ ဒသမ ဝ၈၂ သန်းရရှိခဲ့သည်။ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ဩဂုတ် ၂၆ ရက်အထိ ပြည်ပသို့ ရေထွက်ပစ္စည်းတင်ပို့မှုမှ ဒေါ်လာ၂၆၁ ဒသမ ၇၃၃ သန်း ရရှိခဲ့သည်။ အဆိုပါကာလတူနှစ်ခုကိုနှိုင်းယှဉ်ပါက လက်ရှိဘဏ္ဍာနှစ် ဩဂုတ် ၂၆ ရက်အထိမှာ ယခင်နှစ် ကာလတူထက် ဒေါ်လာ ၁ ဒသမ ၆၅၁ သန်း လျော့ကျခဲ့သည်။


နှစ်အလိုက် ပြည်ပသို့ ရေထွက်ပစ္စည်း တင်ပို့မှုအနေဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၇၃၂ ဒသမ ၁၅၆ သန်း၊ ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၈၅၈ ဒသမ ၉၆၀ သန်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ဒေါ်လာ ၇၈၅ ဒသမ ဝ၂၁ သန်း၊ ၂၀၂၁-၂၀၂၂ ( Mini Budget )ကာလအတွင်း ဒေါ်လာ ၄၈၁ ဒသမ ၆၅၇ သန်း ရရှိခဲ့သည်။

မြန်မာ့ရေထွက်ပစ္စည်းများကို နိုင်ငံပေါင်း ၄၅ နိုင်ငံသို့ နှစ်စဉ်တင်ပို့လျက်ရှိပြီး အသားငါးကဏ္ဍအနေဖြင့် လက်ရှိတွင် တိရစ္ဆာန်အရှင်များကိုသာ အိမ်နီးချင်းနိုင်ငံသို့ နယ်စပ်မှတစ်ဆင့် အဓိကတင်ပို့လျက်ရှိသည်။ ပုစွန်မွေးမြူရေးကို စီးပွားဖြစ်

ဆောင်ရွက်ရာတွင် ပုစွန်သားပေါက်များအား အိမ်နီးချင်း ပြည်ပနိုင်ငံမှ ဝယ်ယူတင်သွင်းနေရသည့်အတွက် မြန်မာနိုင်ငံအတွင်း၌ ပုစွန်သားပေါက်ထုတ်လုပ်နိုင်ရေးကို အစိုးရနှင့်ပုဂ္ဂလိကတို့ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်လျက်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**Source:** https://news-eleven.com/article/236962

## ခရီးသွားလုပ်ငန်းနှင့် စီးပွားရေးလည်ပတ်လာရန် မောတောင်နှင့်နယ်စပ်ချင်းထိစပ်နေသည့် ထိုင်းနိုင်ငံမှ ဆင်းခွန်ဂိတ်ကို ပြန်လည်ဖွင့်လှစ်ရန် ထိုင်းနိုင်ငံဘက်မှစီစဉ်နေ



https://news-eleven.com/article/237009

ခရီးသွားလုပ်ငန်းနှင့် စီးပွားရေးလည်ပတ်လာရန် မောတောင်နှင့် နယ်ချင်းထိစပ်နေသည့် ထိုင်းနိုင်ငံမှ ဆင်းခွန်ဂိတ်ကို ပြန်လည်ဖွင့်လှစ်ရန် ထိုင်းနိုင်ငံဘက်မှ စီစဉ်နေကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မောတောင်မြို့နှင့် နယ်ချင်းထိစပ်နေသည့် ထိုင်းနိုင်ငံ ပရာကျွတ်ခီရီခံခရိုင် ဒန်းဆင်းခွန်ရွာရှိ ဆင်းခွန်ဂိတ်ကို ထိုင်းနိုင်ငံမှ ဖွင့်လှစ်ရန် ဆွေးနွေးမှုများရှိနေကြောင်း ထိုင်းနိုင်ငံ မီဒီယာများတွင် ဖော်ပြထားသည်။ စက်တင်ဘာ ၆ ရက်က ပြုလုပ်သည့် မြန်မာ-ထိုင်း နယ်စပ်ကွပ်ကဲမှု ကော်မတီအစည်းအဝေးတွင် ပရာကျွတ်ခီရီခံခရိုင် အုပ်ချုပ်ရေးမှူး Sathien Charoenruen မှ နှစ်နိုင်ငံခရီးသွားလုပ်ငန်းများနှင့် စီးပွားရေးလည်ပတ်လာစေရန် ထိုင်းနိုင်ငံဘက်မှ ဆင်းခွန်ဂိတ်ကို ပြန်လည်ဖွင့်လှစ်ရန်ဆွေးနွေးခဲ့ကြောင်း ထိုင်းမီဒီယာများတွင် ဖော်ပြထားချက်ကို ကိုးကားပြီး Migrant Times စာမျက်နှာတွင်လည်း ဖော်ပြထားကြောင်းသိရသည်။

"ကျွန်တော်တို့ လက်ရှိသိထားရသလောက်ကတော့ စက်တင်ဘာလအကုန်မှာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့နှင့် စီးပွားရေးပြန်လည် အားကောင်းလာဖို့ ထိုင်းဘက်က နယ်စပ်ဂိတ်ကို ဖွင့်လှစ်ပေးမယ်လို့ ကြားရတယ်။ လက်ရှိအနေထားမှာတော့ အအေးခဲ ငါးတွေ၊ ရေထွက်ပစ္စည်းကုန်ချောတွေကိုပဲ ကုန်သွယ်ခွင့်ပေးထားတယ်၊ လူဝင်၊ လူထွက်ကို ခွင့်မပြုသေးဘူး၊ ၉ လပိုင်းကုန်ရင်တော့ ကုန်စည်တွေအပြင် လူဝင်/လူထွက်ကိုပါ ခွင့်ပြုပေးမယ်လို့ ကြားသိရပါတယ်။ ရေထွက်ကုန် တချို့ကိုလည်း ရေခဲမရိုက်ဘဲ အေးခဲ ထားပြီး ရေခဲပုံးထဲထည့် ကုန်သွယ်မှုလုပ်မယ်ဆိုရင်လည်း ဖြေလျှော့ပေးမယ်လို့ ကြားရပါတယ်" ဟု မောတောင်နယ်စပ်မှ ကုန်သွယ်မှု ပြုလုပ်နေသူတစ်ဦးက ပြောကြားသည်။

မောတောင်-ဆင်းခွန်နယ်စပ်ဂိတ် ကုန်သွယ်မှုတွင် မြန်မာဘက်မှ မောတောင်နယ်စပ်ဂိတ်မှာ အမြဲတမ်းဂိတ်အဖြစ် ဖွင့်လှစ်ထားသော်လည်း ထိုင်းနိုင်ငံဘက်မှ ဆင်းခွန်ဂိတ်မှာ အထူးယာယီနယ်စပ်ဂိတ် အဖြစ်သာရှိနေသေးကြောင်း သိရသည်။ "ဆင်းခွန်ဂိတ်က အထူးယာယီနယ်စပ် ဂိတ်ဖြစ်နေတာကြောင့် မြဝတီ-မဲဆောက်၊ ကော့သောင်း-ရနောင်း နယ်စပ်ဂိတ်လိုမျိုး ကုန်သွယ်မှုနှင့် ခရီးသွားလာမှု မလုပ်ဆောင်နိုင်ပါဘူး၊ ကန့်သတ်မှုတွေ များပါတယ်။ မြန် မာနိုင်ငံဘက်က ခရီးသွားတွေ အနေနှင့် မောတောင်-ဆင်းခွန်ဂိတ်ကို ဖြတ်သန်းပြီး ထိုင်းနိုင်ငံအတွင်းကို သွားရောက် လည်ပတ်မယ်ဆိုရင် ကီလိုမီတာ ၅၀ အတွင်းမှာပဲ သွားလာလည်ပတ်လို့ရပါတယ်။ တခြားနေရာတွေကို ကန့်သတ်ထားပါတယ်၊ အလားတူပဲ ကုန်စည်ပို့ဆောင်ရာမှာလည်း ကန့်သတ်ထားတဲ့ ကုန်ပစ္စည်းအမျိုးအစားတွေ၊ ကုန်သွယ်မှုပုံစံတွေရှိပါတယ်" ဟု မြိတ်မြို့မှ ကုန်သည်တစ်ဦးက ပြောကြားသည်။

ထိုင်းနိုင်ငံရှိ ပရာကျွတ် ခီရီခံခရိုင်မှာ လူပွဲစားများ အဓိကပစ်မှတ်ထားရာ နေရာတစ်ခုဖြစ်ပြီး တရားမဝင် ဝင်ရောက်မှု အများအပြားဖြစ်ပေါ်နေသည့် နေရာတစ်ခုဖြစ်ကြောင်းသိရသည်။

မြန်မာနိုင်ငံသားများ တရားမဝင် ဝင်ရောက်မှုတွေ ထိုင်းနိုင်ငံမှ ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်မပတ်သက်ဖို့ ဥပဒေချိုးဖောက်မှုမှန်သမျှကို ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း ပရာကျွတ်ခီရီခံခရိုင် အုပ်ချုပ်ရေးမှူးက ပြောကြားခဲ့ကြောင်း သိရသည်။ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုတွင် ထိုင်းနိုင်ငံဘက်မှ အချက်အလက်များအရ ဩဂုတ်လအတွင်း နှစ်နိုင်ငံကုန်သွယ်မှုမှာ ထိုင်းဘတ်ငွေ ၁၅၃ သန်းရှိပြီး သွင်းကုန်အနေဖြင့် ဘတ် ၁၄၄သန်း၊ ပို့ကုန်အနေဖြင့် ၉ ဒသမ ၅ သန်းရှိကြောင်း သိရသည်။

ကိုဗစ်ရောဂါမဖြစ်ပွားမီက အဆိုပါနယ်စပ်ဂိတ်များမှ နှစ်နိုင်ငံကုန်သွယ်မှုစီးဆင်းငွေမှာ ထိုင်းဘတ်ငွေသန်းပေါင်း ၁၆၂၅ အထိ ရှိခဲ့ကြောင်းသိရသည်။

**Source:** https://news-eleven.com/article/237009

## STOCK EXCHANGE (7.9.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 7th Sep. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,500 | +700 | +7.14% | 10,000 | 10,500 | 9,900 | 5,832 | 59,614,500 | 33,109,694 | 347,652 |
| MTSH | 00002 | 3,700 | +0 | +0.00% | 3,300 | 3,800 | 3,300 | 16,193 | 57,955,800 | 38,929,150 | 144,038 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 53 | 424,000 | 10,400,986 | 83,208 |
| FPB | 00004 | 24,000 | +3,000 | +14.29% | 22,000 | 24,000 | 22,000 | 351 | 8,027,000 | 2,472,053 | 59,329 |
| TMH | 00005 | 2,650 | +50 | +1.92% | 2,700 | 2,700 | 2,650 | 1,111 | 2,998,350 | 12,823,224 | 33,982 |
| EFR | 00006 | 2,900 | +50 | +1.75% | 2,900 | 2,900 | 2,900 | 737 | 2,137,300 | 19,977,223 | 57,934 |
| AMATA | 00007 | 5,300 | +100 | +1.92% | 5,300 | 5,300 | 5,300 | 84 | 445,200 | 10,497,598 | 55,637 |

### Market summary

As of 7th Sep. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 449.40 | +19.13 | +4.45% | 428.46 | 451.64 | 428.46 | 24,361 | 131,602,150 | 7 | 781,780 |

**Index chart**




## Market Overview

### Main Board

As of 1:00 pm, 7th Sep. 2022

| MYANPIX | 449.40 ▲ 19.13 |
|---|---|
| Total Volume (shares) | 24,361 |
| Total Value (MMK) | 132 mil |
| Listed Company | 7 |
| Market Cap. (MMK) | 781,780 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,500 | ▲ 700 |
| MTSH | 00002 | 3,700 | ▲ 0 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 24,000 | ▲ 3,000 |
| TMH | 00005 | 2,650 | ▲ 50 |
| EFR | 00006 | 2,900 | ▲ 50 |
| AMATA | 00007 | 5,300 | ▲ 100 |